


VOLUME I, ISSUE 40 20 April 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှင့် Governor House ထိန်းသိမ်းထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေး | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လမ်းညွှန်မှာကြား | ၆ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးသို့ ကြည့်ရှုစစ်ဆေး | ၉ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး | ၁၁ |
| ၆ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို လက်ခံတွေ့ဆုံ | ၁၄ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းနှင့် တရုတ်နိုင်ငံ<br>ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့က<br>ပြည်သူ့စာကြည့်တိုက်များအတွက် ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်း | ၁၅ |
| ၈ | အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ်<br>ဆန်နှင့်ဂျုံတန်ချိန် (၈,၀၀၀) ခန့်အား မြန်မာနိုင်ငံသို့ လှူဒါန်း | ၁၆ |
| ၉ | စက်သုံးဆီကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက် | ၁၇ |
| ၁၀ | လတ်တလောပျံ့နှံ့နေသည့် စက်သုံးဆီပြတ်လပ်မှု သတင်းအမှားများကြောင့်<br>လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၈ |
| ၁၁ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား<br>တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂၀ |
| ၁၂ | ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်လျက်ရှိ | ၂၂ |
| ၁၃ | PDF အကြမ်းဖက်သမားများက စာပေသင်ကြားပြသပေးလျက်ရှိသည့်<br>မူလတန်းကျောင်းအုပ်ဆရာကြီးအား လုပ်ကြံသတ်ဖြတ် | ၂၃ |
| ၁၄ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏<br>လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊<br>အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား<br>ဆက်လက်ဖော်ထုတ်အရေးယူ | ၂၄ |
| ၁၅ | နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း<br>ဒေါက်တာမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်ဟောင်း<br>ဦးဆန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့်<br>အမှုဖွင့်လှစ်အရေးယူ | ၂၄ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ပါသည်။

ထိုသို့ တွေ့ဆုံစဉ် တာဝန်ရှိသူများက ပြင်ဦးလွင်ဒေသဆိုင်ရာအချက်အလက်များနှင့် အထွေထွေလိုအပ်ချက်များ၊ ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်နှင့် တိုင်းဒေသကြီးအစိုးရအဆင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီစိုက်ပျိုးနိုင်ရေး ၎င်းတို့ကိုယ်တိုင် နိုင်ငံပိုင် မြေရိယာများလျှောက်ထားခြင်းဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုပေးခြင်းဖြစ်သည့်အတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- ကော်ဖီ association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့်ဒေသအလိုက် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ ပူးပေါင်း၍ အဖွဲ့အစည်းတစ်ခုဖွဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ကော်ဖီစိုက်ကေများအလိုက် အဆောက်အဦဆောက်လုပ်ခွင့် သတ်မှတ်ချက်များကို ခေတ်ကာလနှင့်လျော်ညီပြီး လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီသည်များအလိုက် ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း။
- မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ပေးခြင်းဖြင့် မြှင့်တင်နိုင်ရမည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်ကော်ဖီသည် ပြည်တွင်း၊ ပြည်ပ၌ နာမည်ကောင်းရပြီးသားဖြစ်သည့်အတွက် ကော်ဖီထုတ်ကုန်ကို အခြေခံသည့် အဆင့်မြင့်ပို့ကုန်လုပ်ငန်းကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ်ရာသီဥတု ရှိပြီးသားဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူးက ပြင်ဦးလွင်ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြနေမှု**

နိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

- ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေသဖြင့် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- ပြင်ဦးလွင်သည် ထူးခြားသောဝိသေသရှိသည့် မြို့တော်တစ်ခုဖြစ်၍ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေး ဆောင်ရွက်ပေးရန်လိုပြီး ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများစွာရှိသည့်အတွက် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- ထိုသို့ ထိန်းသိမ်းဆောင်ရွက်သည် ဖြစ်သော်လည်း မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်လာပါက အထပ်မြင့်အဆောက်အဦများ၊ မြို့ပြအဆောက်အဦများလည်း လိုအပ်လာမည်ဖြစ်သဖြင့် အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက်လည်း သီးခြားမြေနေရာများကို သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စနစ်ကျနသည့် မြို့အကွက်ချပုံစံဖြင့် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း။
- လမ်းများစနစ်ကျနစေရေးအတွက် မြို့တွင်းလမ်းများကို စနစ်ကျနမှုရှိစေရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လမ်းဧရိယာကို ဦးစွာသတ်မှတ်ဆောင်ရွက်ပြီးမှသာလျှင် သစ်ပင်များကို စိုက်ပျိုးရမည်ဖြစ်ပြီး စိုက်ပျိုးရာတွင်လည်း မျက်နှာချင်းဆိုင် သစ်ပင်စိုက်ပျိုးခြင်းအစား Zig Zag စနစ်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း။
- ယခင်ကတည်းကပင် ရှိပြီးသားဖြစ်သည့် ပြင်ဦးလွင်ဒေသ၏ အခြေခံကောင်းများကို ခေတ်မီနည်းပညာ၊ အတတ်ပညာတို့ဖြင့် ပေါင်းစပ်အသုံးချလျက် စနစ်တကျနှင့် ပိုမိုပြည့်စုံအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီမံလန်းစိုပြေရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

(မြဝတီသတင်းစာ ၁၉-၄-၂၀၂၂)

- မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ပေးခြင်းဖြင့် မြှင့်တင်နိုင်ရမည်ဖြစ်။
- ပြင်ဦးလွင်ကော်ဖီသည် ပြည်တွင်း၊ ပြည်ပ၌ နာမည်ကောင်းရပြီးသားဖြစ်သည့်အတွက် ကော်ဖီထုတ်ကုန်ကို အခြေခံသည့် အဆင့်မြင့်ပို့ကုန်လုပ်ငန်းကို ဖော်ဆောင်ရမည်ဖြစ်။
- ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ်ရာသီဥတုရှိပြီးသားဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်။
- ပြင်ဦးလွင်သည် ထူးခြားသောဝိသေသရှိသည့် မြို့တော်တစ်ခုဖြစ်၍ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုပြီး ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများစွာရှိသည့်အတွက် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် Governor House ထိန်းသိမ်းထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၁၈ ရက်တွင် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဘုရင်ခံအိမ်တော်(Governor House)ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီးနောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ကန်တော်ကြီးသည် ပြင်ဦးလွင်မြို့၏ land mark ဖြစ်ကြောင်း၊ ဥယျာဉ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်းစားဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားဥယျာဉ်ဖြစ်၍ ပန်းခြံသီးသန့်ကိုသာ ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းမဟုတ်ဘဲ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များသာယာလှပရန်နှင့် ရေကို စနစ်တကျထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း။
- ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။
- စိုက်ပျိုးရေးခြံများကို အလုံပိတ်စနစ်ဖြင့် ကာရံခြင်းတို့ကြောင့် စိမ့်ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့်အတွက် ရေဝင်ရောက်မှုနည်းပါးလာခြင်းဖြစ်ကြောင်း။
- ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြေရေးနှင့် ကန်တော်ကြီးဥယျာဉ် ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းနိုင်မှုတို့ကို ဟန့်ပြ





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့၊ ကန်တော်လေးရေထိန်းတံခါးပြုလုပ်ဆောင်ရွက်ထားသည့်နေရာအား ကြည့်ရှုစစ်ဆေးနေမှု**

အနေဖြင့်သာ ဆောင်ရွက်ခြင်းမဖြစ်စေလိုဘဲ စနစ်တကျဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း။

- ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိသည့်အတွက် ကန်တော်ကြီးဥယျာဉ်အတွင်း၌လည်း စနစ်တကျဖြင့် သန့်ရှင်းသာယာလှပမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- လက်ရှိတွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး လိုအပ်သည်များကို ဖြေလျော့ပေးပြီးဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများလာရောက်ရာတွင် အဆင့်မီသည့် ဥယျာဉ်ကြီး တစ်ခုအဖြစ်ရှိနေစေရေး ဆောင်ရွက်ထားရန်လိုကြောင်း၊ နဂိုရှိရင်းစွဲ နာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဥယျာဉ်ကို လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ သန့်ရှင်းသာယာလှပရေးအပိုင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး အစိုးရတာဝန်ရှိသူများနှင့်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးမှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းနှင့် ကန်တော်လေးရေထိန်းတံခါး ပြုလုပ်ဆောင်ရွက်ထားရှိသည့်နေရာသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ပါသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်တော်အတွင်းရှိ ရေကန်များသို့ ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်သည့်ခရီးစဉ်များတွင် ကန်တော်ကြီးရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများ များပြားစေရေးအတွက် ဥယျာဉ်တော်အတွင်းနှင့် ရေဝေရေလဲဧရိယာအတွင်းရှိ ညောင်နီရေထွက် အပါအဝင် သဘာဝရေထွက်များအား လိုက်လံကြည့်ရှုလမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်စစ်ဆေးစဉ် ရေလှောင်ကန်အတွင်း ကန်ရေအနက်ပေ ၁၆ ပေသာရှိခဲ့ရာမှ ယခုအခါတွင် ပေ ၂၀ သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင်ခံအိမ်တော် (Governor House)သို့ ရောက်ရှိကြပြီး ဘုရင်ခံအိမ်တော်(Governor House) ပတ်ဝန်းကျင်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျရှိရန်နှင့် မျက်စိပသာဒဖြစ်ရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၉–၄–၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများက
အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရင်ခံအိမ်တော်(Governor House)ပတ်ဝန်းကျင်အား ကြည့်ရှုစစ်ဆေးနေမှု

- နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဘုရင်ခံအိမ်တော် (Governor House) ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- ကန်တော်ကြီးသည် ပြင်ဦးလွင်မြို့၏ land mark ဖြစ်ကြောင်း၊ ဥယျာဉ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်းစား ဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားဥယျာဉ်ဖြစ်၍ ပန်းခြံသီးသန့်ကိုသာ ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းမဟုတ်ဘဲ ဥယျာဉ်သို့ လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များ သာယာလှပရန်နှင့် ရေကိုစနစ်တကျ ထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်။
- ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိသည့် အတွက် ကန်တော်ကြီးဥယျာဉ်အတွင်း၌လည်း စနစ်တကျဖြင့် သန့်ရှင်းသာယာလှပမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်။

- နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများက ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်စစ်ဆေးစဉ် ရေလှောင်ကန်အတွင်း ကန်ရေအနက်ပေ ၁၆ ပေသာ ရှိခဲ့ရာမှ ယခုအခါတွင် ပေ ၂၀ သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လမ်းညွှန်မှာကြား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားနေမှု**

ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၁၈ ရက်တွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ရာတွင်-

- တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည်စွမ်းအားရှိသည့် အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း။
- “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဟူသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း သင်ကြားပေးထားသည်ကို လိုက်နာနေထိုင်ခြင်းသည် တစ်ဦးချင်းနှင့် တစ်ဖွဲ့၏ အရည်အချင်းကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူရမည်ဖြစ်ကြောင်း။
- စစ်သည်တိုင်းကို စစ်အခြေခံလေ့ကျင့်ရေးမှသည် တာဝန်ထမ်းဆောင်သည့် နေရာဌာနအပေါ်မူတည်၍ တစ်ဆင့်မြင့်လေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- နည်းပြများသည်လည်း အရည်အသွေးပြည့်ဝရန်လိုပြီး အရည်အချင်းရှိသည့် နည်းပြများဖြစ်ရန်လိုကြောင်းနှင့် နည်းပြများအနေဖြင့် ကိုယ်တိုင်ဖတ်ရှုလေ့လာမှတ်သား၍ တစ်ဦးချင်းအရည်အသွေးရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ပြီး သင်တန်းသားများ နားလည်သဘောပေါက်အောင် သင်ကြားပြသပေးနိုင်သည့် အရည်အချင်းများရှိရမည်ဖြစ်ကြောင်း။
- လေ့ကျင့်သားမပြည့်ဝခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေနိုင်သည့်အတွက် စနစ်တကျလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။
- လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ပေးရန်လိုအပ်သည်ဖြစ်ရာ အာဟာရပြည့်မီအောင် တွက်ချက်၍ ပြည့်ပြည့်ဝဝကျွေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးမှသာလျှင် စစ်သည်တစ်ဦးချင်း ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးလာမည်ဖြစ်ကာ စစ်သားကောင်းတစ်ယောက်ပီသသည့် ရုပ်ပိုင်းဆိုင်ရာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အုပ်ချုပ်မှုကျောင်း(ပြင်ဦးလွင်)ရှိ ဥပဒေဒီပလိုမာသင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

- လေ့ကျင့်ရေးမှသည် အရည်အသွေးပြည့်ဝကောင်းမွန်သည့် အရာရှိ၊ စစ်သည်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းများအလိုက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျနှင့် ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုကြောင်း။
- စစ်အတတ်ပညာသည် မိမိကိုယ်ကိုကာကွယ်နိုင်ရန်ဖြစ်ပြီး လုပ်ငန်းပိုင်းနှင့် သက်ဆိုင်သည့် အတတ်ပညာသည် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူကောင်းမွန်စေရန်ဖြစ်ကြောင်း။
- လက်ရုံးတပ်ဖွဲ့အလိုက် အမျိုးသမီးအရာရှိ၊ စစ်သည်များ တာဝန်ထမ်းဆောင်လျက်ရှိပြီး ညီရင်းအကို၊ မောင်ရင်းနှမ စိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ဆောင် သင်ကြားပေးရန် လိုကြောင်းနှင့် တစ်ဦးချင်း အပြန်အလှန်လေးစားစွာဖြင့် စောင့်ရှောက်ရန်လိုပြီး အမျိုးသမီးစစ်သည်များ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

ပြင်ဦးလွင်တပ်နယ်အတွင်းရှိ လေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့က တပ်မတော်လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။


ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်မတော်အုပ်ချုပ်မှုကျောင်းအတွင်း ဥပဒေဒီပလိုမာသင်တန်းအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ရာ-

- မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်ဖြစ်ကြောင်း။
- ဥပဒေသည် စည်းကမ်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်သောကြောင့် ဥပဒေ၏အနှစ်သာရနှင့် အခြေခံကို သိရှိမှသာလျှင် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်ကြားပေးသည့် ဥပဒေပိုင်းဆိုင်ရာပညာရပ်များကို အမှန်တကယ်သိရှိတတ်မြောက်အောင် သင်ယူကြစေလိုကြောင်း။
- နိုင်ငံတကာတွင်လည်း မည်သည့်ကိစ္စမဆို ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် ဥပဒေပညာရပ်သည် မဖြစ်မနေ သိသင့်သိထိုက်သည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း။
- ဥပဒေပညာရပ်သည် မိမိတို့၏ အုပ်ချုပ်ရေးစွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနိုင်စေမည်ဖြစ်ပြီး သင်တန်းပြီးစီးပါကလည်း မိမိတို့၏ ရဲဘော်ရဲဘက်များ၊ စစ်သည်များကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများကို မျှဝေပေးရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် သင်တန်းအထောက်အကူပြုဆိုင်ရာ ဥပဒေစာအုပ်စာတမ်းများ၊ စာကြည့်တိုက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၄-၂၀၂၂)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အုပ်ချုပ်မှုကျောင်း(ပြင်ဦးလွင်)ရှိ ဥပဒေဒီပလိုမာသင်တန်းသားအရာရှိများ စာပေလေ့လာသင်ကြားနေမှုများနှင့် သင်ထောက်ကူစာအုပ်များကို ကြည့်ရှုစစ်ဆေးနေမှု

- တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည်စွမ်းအားရှိသည့် အရည်အချင်းရှိသည့် တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရမည်ဖြစ်။
- "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့် လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း သင်ကြားပေးထားသည်ကို လိုက်နာနေထိုင်ခြင်းသည် တစ်ဦးချင်းနှင့် တစ်ဖွဲ့၏အရည်အချင်းကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူရမည်ဖြစ်။
- စစ်အတတ်ပညာသည် မိမိကိုယ်ကိုကာကွယ်နိုင်ရန်ဖြစ်ပြီး လုပ်ငန်းပိုင်းနှင့် သက်ဆိုင်သည့် အတတ်ပညာသည် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူကောင်းမွန်စေရန်ဖြစ်။
- လက်ရုံးတပ်ဖွဲ့အလိုက် အမျိုးသမီးအရာရှိ၊ စစ်သည်များ တာဝန်ထမ်းဆောင်လျက်ရှိပြီး ညီရင်းအကို၊ မောင်ရင်းနှမစိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ဆောင် သင်ကြားပေးရန်လိုကြောင်းနှင့် တစ်ဦးချင်း အပြန်အလှန်လေးစားစွာဖြင့် စောင့်ရှောက်ရန်လိုပြီး အမျိုးသမီးစစ်သည်များ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ပေးရန်လို။
- မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်ဖြစ်။
- ဥပဒေသည် စည်းကမ်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်။
- နိုင်ငံတကာတွင်လည်း မည်သည့်ကိစ္စမဆို ဥပဒေနှင့်အညီသာ ဆောင်ရွက်ကြသည်ဖြစ်သည့်အတွက် ဥပဒေပညာရပ်သည် မဖြစ်မနေ သိသင့်သိထိုက်သည့် ပညာရပ်တစ်ခုပင်ဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးသို့ ကြည့်ရှုစစ်ဆေး




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဘူတာကြီးတွင် ကြည့်ရှုစစ်ဆေးနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၁၉ ရက်တွင် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ သွားရောက်၍ ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဘူတာရုံအဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပြတ်ထိန်းသိမ်း၍ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်လိုအပ်သည့် အခြေအနေများ၊ ရထားတွဲများနှင့် ရထားသံလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာကြီးမှ ပြင်ဦးလွင်-ဇီးပင်ကြီး မီးရထားခရီးစဉ်အဖြစ် လိုက်ပါစီးနင်း၍ လမ်းကြောင်းတစ်လျှောက် ပြင်ဦးလွင်ဒေသ၏ သာယာလှပသည့် ရေမြေတောတောင်သဘာဝရှုခင်းများကို ကြည့်ရှုခဲ့ပြီးနောက် မီးရထားလမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပ၍ မျက်စိပသာဒဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ပါသည်။

အဆိုပါ ပြင်ဦးလွင်ဘူတာကြီးသည် ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေတွင်ရှိကြောင်း၊ မန္တလေး-လားရှိုး မီးရထားလမ်းပိုင်းပေါ်တွင်တည်ရှိပြီး ဒေသခံပြည်သူတို့၏ ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများကို အထောက်အကူများစွာဖြစ်စေခဲ့သည့် နှစ်ပေါင်း ၁၂၃ နှစ်ရှိပြီဖြစ်သည့် မီးရထားဘူတာကြီး တစ်ခုလည်းဖြစ်ကြောင်း၊ ဘူတာရုံအဆောက်အဦနှင့် အပြင်အဆင်ပိုင်းအားလုံးကို ရှေးမူလက်ရာမပြတ် ထိန်းသိမ်းထားရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဘူတာရုံအဆောက်အဦအတွင်း ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့များက ပြင်ဦးလွင်ဘူတာကြီးမှ ဇီးပင်ကြီးဘူတာသို့ လိုက်ပါစီးနင်းနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧပြီလ ၁၉ ရက်တွင် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ သွားရောက်၍ ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရထားတွဲများနှင့် ရထားသံလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့။
- နိုင်ငံတော်ဝန်ကြီးချုပ်သည် ပြင်ဦးလွင်ဘူတာကြီးမှ ပြင်ဦးလွင်-ဇီးပင်ကြီး မီးရထားခရီးစဉ်အဖြစ် လိုက်ပါစီးနင်း၍ လမ်းကြောင်းတစ်လျှောက် ပြင်ဦးလွင်ဒေသ၏ သာယာလှပသည့် ရေမြေတောတောင်သဘာဝရှုခင်းများကို ကြည့်ရှုခဲ့။
- ပြင်ဦးလွင်ဘူတာကြီးသည် မန္တလေး-လားရှိုး မီးရထားလမ်းပိုင်းပေါ်တွင်တည်ရှိပြီး ဒေသခံပြည်သူတို့၏ ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများကို အထောက်အကူများစွာဖြစ်စေခဲ့သည့် နှစ်ပေါင်း ၁၂၃ နှစ်ရှိပြီဖြစ်သည့် မီးရထားဘူတာကြီး တစ်ခုဖြစ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီအဆင့်လိုက် သိုလှောင်ခြင်းလုပ်ငန်းများကို ကြည့်ရှုလေ့လာနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဧပြီလ ၁၉ ရက်တွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) နှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) မှ တာဝန်ရှိသူများက ကော်ဖီစိုက်ပျိုးမှု၊ သီးခြမ်းကြိတ်ခွဲမှုမှ ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့်၊ ပျိုးပင်များ ပျိုးထောင်ဆောင်ရွက်မှု၊ ကော်ဖီအရသာနှင့် အရည်အသွေးထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်နေမှု၊ Grade အလိုက်ခွဲခြား၍ သိုလှောင်ထားပြီး ဝယ်ယူသူလက်ဝယ်သို့ ရောက်ရှိအောင် ဖြန့်ဝေဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ Video Clip များဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- မြန်မာနိုင်ငံမှထွက်ရှိသည့် မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးက လက်ခံကြိုက်နှစ်သက်ပြီး အားပေးရသည်အထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- သကြံန်မတိုင်မီကာလတွင် ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့စဉ်၌ ၎င်းတို့တင်ပြထားသည့်ကော်ဖီ Association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသအလိုက်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များပူးပေါင်း၍ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်များပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း။
- စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေသြဇာကဲ့သို့သော သွင်းအားစုများကို မွေးမြူရေးမှရရှိလာသည့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝမြေသြဇာများ၊ စိုက်ပျိုးရေး စွန့်ပစ်ကုန်များမှ ထုတ်လုပ်၍ အသုံးချနိုင်ရေး လုပ်ဆောင်နိုင်ရမည်ဖြစ်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့်ကို Video Clip ဖြင့် ရှင်းလင်းတင်ပြနေမှု**

ကြောင်းပြောကြားပြီး အခြားသိရှိလိုသည်များနှင့် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြောကြားခဲ့။

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကော်ဖီခါတ်ခွဲခန်းတွင်း ကော်ဖီအရည်အသွေးအနံ့အရသာ စမ်းသပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် Mandalay Coffee Group (MCG) စက်ရုံအတွင်း လှည့်လည်၍ အရည်အသွေးခွဲခြားခြင်း၊ အခြောက်ကြိတ်ခွဲခြင်း၊ အဆင့်လိုက်သိုလှောင်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာခဲ့။

ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)အား ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ကော်ဖီမျိုးများကို စိုက်ပျိုးရာတွင် မျိုးအများအပြားဆောင်ရွက်မည့်အစား လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်တောင်သူများ အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေး တည်ငြိမ်ပြီး ဈေးနှုန်းခိုင်မာသင့်တင့်သည့်မျိုးများကို ရွေးချယ်ဆောင်ရွက်ကြရန် လိုကြောင်းနှင့် လေ့လာသူများကိုလည်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားလာစေရေး စနစ်တကျလမ်းညွှန် ရှင်းလင်းပြသရန်လိုကြောင်း။
- ပြင်ဦးလွင်ကော်ဖီဥယျာဉ်အနေဖြင့် ကော်ဖီစိုက်လုပ်ငန်းရှင်များကို အကျိုးဖြစ်ထွန်းစေနိုင်မည့် အကြံဉာဏ်များကို ပေးနိုင်ရမည်ဖြစ်ပြီး မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ကော်ဖီဥယျာဉ်အတွင်း ဆောင်ရွက်ထားရှိမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **မြန်မာနိုင်ငံမှထွက်ရှိသည့် မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးက လက်ခံကြိုက်နှစ်သက်ပြီး အားပေးရသည်အထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်။**
- **သကြိန်မတိုင်မီကာလတွင် ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့စဉ်၌ ၎င်းတို့တင်ပြထားသည့်ကော်ဖီ Association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များပူးပေါင်း၍ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပေးပြီးဖြစ်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီအရည်အသွေးအား
လေ့လာကြည့်ရှုနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား
တာဝန်ရှိသူတစ်ဦးက ကော်ဖီဥယျာဉ်ဆောင်ရွက်နေမှု
အခြေအနေများအား ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က
ပြင်ဦးလွင်ကော်ဖီဥယျာဉ်အတွင်းဆောင်ရွက်ထားရှိမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးနေမှု

- မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိ။
- ပြင်ဦးလွင်ကော်ဖီဥယျာဉ်အနေဖြင့် ကော်ဖီစိုက်လုပ်ငန်းရှင်များကို အကျိုးဖြစ်ထွန်းစေနိုင်မည့် အကြံဉာဏ်များကို ပေးနိုင်ရမည်ဖြစ်ပြီး မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်ရမည်ဖြစ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို လက်ခံတွေ့ဆုံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်ကို ဧပြီလ ၁၉ ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်နေမှုတို့ကို မေးမြန်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်နေမှုနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၄-၂၀၂၂)**

- **မြန်မာနိုင်ငံဆိုင်ရာတရုတ်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေ၊ နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်နေမှုတို့ကို မေးမြန်းခဲ့။**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက်ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်နေမှုနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

# မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းနှင့် တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းတို့က ပြည်သူ့စာကြည့်တိုက်များအတွက် ကွန်ပျူတာနှင့် ပရင်တာများ ပေးအပ်လှူဒါန်း




မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းနှင့် တရုတ်နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(China Foundation for Peace and Development)တို့ ပူးပေါင်း၍ ပြည်သူ့စာကြည့်တိုက်များသို့ ကွန်ပျူတာနှင့် ကာလာပရင်တာ ၃၅ စုံ ပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၈ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ပါသည်။

လှူဒါန်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက-

- ၂၀၁၃ ခုနှစ်မှစ၍ ယနေ့အထိ တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လူထုအခြေပြုဗဟိုဌာန(Community Centre) ၁၈ ခု ဖွင့်လှစ်ထားရှိပြီး အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ ဘက်စုံသုံးခန်းမ၊ ကွန်ပျူတာခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ အားကစားလေ့ကျင့်ရေးခန်းမတို့ပါဝင်ကာ ပြည်သူများအသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး အခမဲ့အသုံးပြုနိုင်ရန် ဆောင်ရွက်ပေးထားကြောင်း။
- ခရိုင်၊ မြို့နယ်နှင့်မြို့ရုံးများတွင် ဖွင့်လှစ်ထားရှိသော ပြည်သူ့စာကြည့်တိုက်များတွင် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများကို ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ Digital Library စနစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် e-Library Management System Software ကို ရေးဆွဲဆောင်ရွက်ပြီးဖြစ်ကြောင်း။
- ဌာနက ထုတ်ပေးမည့် ကွန်ပျူတာများနှင့် ယခုလှူဒါန်းလက်ခံရရှိသည့် ကွန်ပျူတာများဖြင့် Digital Library စနစ်ဆောင်ရွက်မည့် ရုံးများရှိ စာကြည့်တိုက်မှူးများအား e-Library Management System Software အသုံးပြုနည်းသင်တန်းပို့ချပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- Web Browser တွင် www.publiclibrary.gov.mm Domain အမည်အား ရရှိထားပြီးဖြစ်သည့်အပြင် Web Hosting Service ကိုလည်း ရယူထားပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် မေလမှစတင်၍ စာကြည့်တိုက်လုပ်ငန်းများကို

Digital Library စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့။

လှူဒါန်းပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ-တရုတ် ပူးပေါင်းကူညီဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၉-၄-၂၀၂၂)**

- **ပြည်သူ့စာကြည့်တိုက်များတွင် သမားရိုးကျစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော စာအုပ်စာစောင်များ မှတ်ပုံတင်ခြင်း၊ ကတ်တလောက်ရေးဆွဲခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများအတွက် e-Library Management System Software ကို ရေးဆွဲဆောင်ရွက်ပြီးဖြစ်။**
- **ဌာနက ထုတ်ပေးမည့် ကွန်ပျူတာများနှင့် ယခုလှူဒါန်းလက်ခံရရှိသည့် ကွန်ပျူတာများဖြင့် Digital Library စနစ်ဆောင်ရွက်မည့် ရုံးများရှိ စာကြည့်တိုက်မှူးများအား e-Library Management System Software အသုံးပြုနည်း သင်တန်းပို့ချပေးနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်။**
- **Web Browser တွင် www.publiclibrary.gov.mm Domain အမည်အားရရှိ ထားပြီးဖြစ်သည့်အပြင် Web Hosting Service ကိုလည်း ရယူထားပြီးဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် မေလမှစတင်၍ စာကြည့်တိုက်လုပ်ငန်းများကို Digital Library စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်။**

## အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ဆန်နှင့်ဂျုံတန်ချိန် (၈,၀၀၀) ခန့်အား မြန်မာနိုင်ငံသို့ လှူဒါန်း



အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ဆန်နှင့် ဂျုံတန်ချိန် (၈,၀၀၀) ခန့်အား မြန်မာနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

အဆိုပါ ဆန်နှင့်ဂျုံများကို မြို့နယ် (၁၁) မြို့နယ်သို့ ဖြန့်ဝေနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်

ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က တိုင်းမှူးနှင့် တာဝန်ရှိသူများအား VIDEO CONFERENCING စနစ်ဖြင့် ၎င်းမြို့နယ်များရှိ ပြည်သူများထံသို့ စနစ်တကျရောက်ရှိစေရေး ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

အိန္ဒိယအစိုးရက လှူဒါန်းသည့် ဆန်နှင့်ဂျုံများထားရှိမည့် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်ရှိ အေးရှားဝေါလ်ဆိပ်ကမ်းနှင့် မြန်မာ့စက်မှုဆိပ်ကမ်းတို့တွင် အဆင်ပြေစွာ ထုတ်ယူနိုင်ရေး ဆောင်ရွက်ထားရှိနေမှုများအား ဧပြီလ ၁၉ ရက်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **အိန္ဒိယအစိုးရက လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ဆန်နှင့် ဂျုံတန်ချိန် (၈,၀၀၀) ခန့်အား မြန်မာနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့။**
- **ဆန်နှင့် ဂျုံများထားရှိမည့် ဆိပ်ကမ်းများတွင် အဆင်ပြေစွာထုတ်ယူနိုင်ရေး ဆောင်ရွက်ထားရှိနေမှုများအား တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**

## စက်သုံးဆီကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြလျက်ရှိသော စက်သုံးဆီကိစ္စများနှင့်ပတ်သက်၍ လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြန်လည်ဖြေကြားခဲ့ရာတွင်–

- စက်သုံးဆီကိစ္စနှင့်ပတ်သက်၍ ကောလာဟလများ ထွက်ပေါ်လျက်ရှိပြီး မသမာသော မီဒီယာအချို့က ကောလာဟလများကို ပြန်ပြီးဖြန့်နေသည့်အတွက်ကြောင့် အချို့နေရာများတွင် ဆီဆိုင်များပိတ်ခြင်းနှင့် ဆီရှားပါးသည့်အခြေအနေများ ဖြစ်ပေါ်နေကြောင်း။
- တိုင်းပြည်အတွင်း၌ အသုံးပြုရန်အတွက် စက်သုံးဆီများကို လုံလောက်သော ပမာဏတင်သွင်းထားပြီးဖြစ်သည့်အတွက် စက်သုံးဆီအလုံအလောက်ရှိပြီးဖြစ်ကြောင်းနှင့် လက်ရှိတွင် ယခင်ပမာဏထက်ပိုပြီးရှိနေကြောင်း။
- စက်သုံးဆီတင်သွင်းသောကုမ္ပဏီများသည် သတ်မှတ်ဈေးနှုန်းဖြစ်သည့် ၁,၈၅၀ ဈေးနှုန်းဖြင့် မရောင်းချချင်သည့်

အတွက်ကြောင့် ယခုကဲ့သို့ ကောလာဟလများ ဖြန့်နေခြင်း ဖြစ်ကြောင်း။

- ပြည်သူလူထုအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများကို မယုံကြည်ကြရန်နှင့် ပြည်တွင်း၌ အသုံးပြုရန်အတွက် စက်သုံးဆီ အလုံအလောက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

စက်သုံးဆီကောလာဟလများနှင့်ပတ်သက်၍ သက်ဆိုင်သူများအား သတိပေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ပုံမှန်ရောင်းဝယ်နေမှုများအတိုင်း စက်သုံးဆီတင်သွင်းရောင်းချလျက်ရှိသူများကို ဒေါ်လာရောင်းချပေးသည့် အစီအစဉ်အနေဖြင့် ခွင့်ပြုချက်ရပြီးသူများကို ဧပြီလ ၂၀ ရက်တွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **တိုင်းပြည်အတွင်း၌ အသုံးပြုရန်အတွက် စက်သုံးဆီများကို လုံလောက်သောပမာဏ တင်သွင်းထားပြီးဖြစ်သည့်အတွက် စက်သုံးဆီအလုံအလောက်ရှိသည့်အပြင် လက်ရှိတွင်လည်း ယခင်ပမာဏထက်ပိုလျှံလျက်ရှိ။**
- **ပြည်သူလူထုအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလများကို မယုံကြည်ကြရန်နှင့် ပြည်တွင်း၌ အသုံးပြုရန်အတွက် စက်သုံးဆီအလုံအလောက်ရှိပြီးဖြစ်။**

## လတ်တလောပျံ့နှံ့နေသည့် စက်သုံးဆီပြတ်လပ်မှု သတင်းအမှားများကြောင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



လူမှုကွန်ရက်မီဒီယာများတွင် ပျံ့နှံ့နေသော "သီလဝါဆီသိုလှောင်စခန်းများအတွင်း စက်သုံးဆီများလက်ကျန် လျော့နည်းနေသည်" ဆိုသည့် သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်ကြောင်း၊ သီလဝါသိုလှောင်ကန်စခန်းများအပါအဝင် ပြည်တွင်းဆီ လက်ကျန်အခြေအနေမှာ ဓာတ်ဆီအနေနှင့် ဂါလန်သန်းပေါင်း ၄၅ သန်းခန့်နှင့် ဒီဇယ်ဆီဂါလန်သန်းပေါင်း ၇၀ သန်းရှိသည့်အပြင် လက်ရှိ၌ သီလဝါဆိပ်ကမ်းတွင် ရောက်ရှိနေပြီး မဟာသင်္ကြန်ပိတ်ရက်ကြောင့် ဆီမချရသေးသော သင်္ဘော ၂ စင်း လည်းရှိသေးကြောင်း၊ ဌာနသို့ခွင့်ပြုချက်တောင်းပြီး ဆိုင်ပြင်ဆင်တည်ဆောက်နေသည့် စက်သုံးဆီ

လက်လီအရောင်းဆိုင်များမှလွဲပြီး ပိတ်သိမ်းထားသည့် ဆိုင်များမရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါကောလာဟလသတင်းများကြောင့် စိုးရိမ်လွန်ကဲပြီး အလုအယက်ဝယ်ယူမှုများကြောင့် အရောင်းဆိုင်များဘက်မှ အခြေခံအဆောက်အဦနှင့် ဝန်ထမ်းအင်အားတို့အရ ယခုကဲ့သို့ မနိုင်မနင်းအခြေအနေများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။

လတ်တလောပျံ့နှံ့နေသည့် စက်သုံးဆီသတင်းအမှားများနှင့်ပတ်သက်၍ ဧပြီလ ၁၉ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ပြည်ပမှစက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား Virtual စနစ်ဖြင့်ကျင်းပခဲ့ပြီး စက်သုံးဆီလက်လီအရောင်းဆိုင်များတွင် စက်သုံးဆီများအား အကန့်အသတ်ဖြင့် ရောင်းချနေမှုများ၊ သုံးစွဲသူပြည်သူများ စိုးရိမ်မှုများဖြစ်ပေါ်လာကာ အလုအယက်ဝယ်ယူနေကြသည့် အခြေအနေများအပေါ် စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် သက်ဆိုင်ရာဌာနများအကြား ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် တင်သွင်းမည့် လုပ်ငန်းစဉ်များအပေါ် စိုးရိမ်ပူပန်ခြင်းမရှိဘဲ စက်သုံးဆီလက်လီအရောင်းဆိုင်များတွင် ရည်ညွှန်းဈေးနှုန်းဘောင်အတွင်း အကန့်အသတ်မရှိ ပြည်သူများဝယ်ယူရရှိနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **လူမှုကွန်ရက်မီဒီယာများတွင် ပျံ့နှံ့နေသော “သီလဝါဆီသိုလှောင်စခန်းများအတွင်း စက်သုံးဆီများလက်ကျန်လျော့နည်းနေသည်” ဆိုသည့် သတင်းများမှာ ကောလာဟလသတင်းများသာဖြစ်။**
- **သီလဝါသိုလှောင်ကန်စခန်းများအပါအဝင် ပြည်တွင်းဆီ လက်ကျန်အခြေအနေမှာ ဓာတ်ဆီအနေဖြင့် ဂါလန်သန်းပေါင်း ၄၅ သန်းခန့်နှင့် ဒီဇယ်ဆီဂါလန်သန်းပေါင်း ၇၀ သန်းရှိသည့်အပြင် လက်ရှိ၌ သီလဝါဆိပ်ကမ်းတွင် ရောက်ရှိနေပြီး မဟာသင်္ကြန်ပိတ်ရက်ကြောင့် ဆီမချရသေးသော သင်္ဘော ၂ စင်းရှိ။**
- **ဌာနသို့ခွင့်ပြုချက်တောင်းပြီး ဆိုင်ပြင်ဆင်တည်ဆောက်နေသည့် စက်သုံးဆီ လက်လီအရောင်းဆိုင်များမှလွဲပြီး ပိတ်သိမ်းထားသည့် ဆိုင်များမရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါကောလာဟလသတင်းများကြောင့် စိုးရိမ်လွန်ကဲပြီး အလုအယက်ဝယ်ယူမှုများကြောင့် အရောင်းဆိုင်များဘက်မှ အခြေခံအဆောက်အဦနှင့် ဝန်ထမ်းအင်အားတို့အရ ယခုကဲ့သို့ မနိုင်မနင်းအခြေအနေများ ဖြစ်ပေါ်လာရခြင်းသာဖြစ်။**
- **လတ်တလောပျံ့နှံ့နေသည့် စက်သုံးဆီသတင်းအမှားများနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်အား ကျင်းပခဲ့ရာ စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် တင်သွင်းမည့် လုပ်ငန်းစဉ်များအပေါ် စိုးရိမ်ပူပန်ခြင်းမရှိဘဲ စက်သုံးဆီလက်လီအရောင်းဆိုင်များတွင် ရည်ညွှန်းဈေးနှုန်းဘောင်အတွင်း အကန့်အသတ်မရှိ ပြည်သူများဝယ်ယူရရှိနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန် သဘောတူခဲ့။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧပြီလ ၁၉ ရက်အထိ လူဦးရေစုစုပေါင်း ၂၈ ဒသမ ၈၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၂ ဒသမ ၃၉ သန်းနှင့် ပထမအကြိမ် ထိုးနှံပြီးစီးသူ ၆ ဒသမ ၄၆ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၅၂ ဒသမ ၄၄ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၁၉၁,၁၁၁ ဦးရှိ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၅-၇-၂၀၂၁ ရက်မှ ၁၉-၄-၂၀၂၂ ရက်အထိ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်တို့မှတစ်ဆင့် ၇၅,၁၇၅ ဦးပြန်လည်ဝင်ရောက်လာခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၁၉ ရက်တွင် ဓာတ်ခွဲနမူနာစုစုပေါင်း ၁၀,၃၄၅ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၆ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၀.၅၄ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၉-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၈၄၈,၈၉၇ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၆၅၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

## ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ညွှန်ကြားချက်များနှင့်အညီ လက်ခံနေမှု









- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧပြီလ ၁၉ ရက်အထိ လူဦးရေစုစုပေါင်း ၂၈ ဒသမ ၈၅ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၂၂ ဒသမ ၃၉ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၆ ဒသမ ၄၆ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၅၂ ဒသမ ၄၄ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဧပြီလ ၁၉ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Booster စုစုပေါင်းထိုးနှံပြီးစီးသူ ၁,၁၉၁,၃၁၃ ဦးရှိ။
- ၁၉-၄-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၇,၈၄၈,၈၉၇ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၆၁၂,၆၅၈ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၄၃၄ ဦးဖြစ်ပြီး ၁၉-၄-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၀.၅၄ ရာခိုင်နှုန်းရှိ။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်လျက်ရှိ





ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များ နှစ်နှစ်ကြာ ရပ်နားထားခဲ့ပြီးနောက် ဧပြီလ ၁၇ ရက်မှစ၍ နိုင်ငံတကာခရီးသွားများ ဝင်ရောက်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် ပြန်လည်ဖွင့်လှစ်ခဲ့ရာ နိုင်ငံတကာလေကြောင်းလိုင်းဖြင့် ခရီးသွားများ တဖွဲဖွဲဝင်ရောက်လျက်ရှိပါသည်။

- ဧပြီလ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြည်ပသို့ ထွက်ခွာသော ခရီးသွား ၆၈၈ ဦးနှင့် ဝင်ရောက်သော ခရီးသွား ၃၉၃ ဦးရှိပြီး MAI ၊ MNA လေကြောင်းလိုင်းတို့မှ ဝန်ဆောင်မှုပေးခဲ့။
- ဧပြီလ ၁၈ ရက်တွင် ဒူဘိုင်း၊ စင်ကာပူ၊ ဘန်ကောက်၊ မလေးရှားနိုင်ငံတို့မှ လေကြောင်းလိုင်း ၅ လိုင်းဖြင့် ခရီးသွား ၅၁၇ ဦး ဝင်ရောက်ခဲ့။
- ဧပြီလ ၁၉ ရက်တွင် ဘန်ကောက်-ရန်ကုန် လေကြောင်းလိုင်းမှ ခရီးသွား ၃၂ ဦး၊ ကွာလာလမ်ပူ-ရန်ကုန်ခရီးစဉ်ဖြင့် ခရီးသွား ၁၀၆ ဦး၊ တရုတ် (ကွမ်ကျိုး)၊ တောင်ကိုရီးယား (အင်ချွန်း)၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှ လေကြောင်းလိုင်း ၅ လိုင်းဖြင့် ခရီးသွား ၂၈၈ ဦး ဝင်ရောက်ခဲ့။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသွားများ ဝင်ရောက်ရာ၌ လေဆိပ်တာဝန်ကျ ကျန်းမာရေးကောင်တာသို့ သွားရောက်၍-

- ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း PCR Test ဆေးစစ်ချက်နှင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်တို့ကို ပြသရန်။
- စာရွက်စာတမ်းများ စစ်ဆေးအတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ခရီးသည်များအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများကို လုပ်ဆောင်၍ မိမိတို့ခရီးဆောင်အိတ်များကို ရွေးယူရန်။
- ဆိုက်ရောက်ဧရိယာမှထွက်ခွာအပြီး ခရီးသည်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ထားရှိသော ကျန်းမာရေးကောင်တာ Quarantine ဝင်ရမည့် ဟိုတယ်အချက်အလက်များ ရယူရန်။
- စာရင်းပေးသွင်းပြီး အသင့်စီစဉ်ထားရှိသော သယ်ယူပို့ဆောင်ရေးအစီအစဉ်ဖြင့် Quarantine ဝင်ရောက်မည့် ဟိုတယ်သို့ ထွက်ခွာနိုင်ရန် ဝန်ဆောင်မှုပေးထားကာ Commercial လေကြောင်းလိုင်းဖြင့် လိုက်ပါသော နိုင်ငံခြားခရီးသွားများအနေဖြင့် ဟိုတယ် Quarantine တစ်ရက်ဝင်ရောက်နိုင်ရန် ဝန်ဆောင်မှုပေးထား။

နိုင်ငံဖွံ့ဖြိုးတိုးတက်မည့် လုပ်ငန်းများသည် နိုင်ငံ၏ တံခါးပေါက်ဖြစ်သော လေဆိပ်များမှတစ်ဆင့် ဝင်ရောက်လေ့ရှိရာ နိုင်ငံခြားသားခရီးသွားများ ပိုပြီးဝင်ရောက်ရေးအတွက် ခရီးသွားလာရေးလုပ်ငန်းများအနေဖြင့် ပိုမိုဆွဲဆောင်စေနိုင်သော လုပ်ဆောင်မှုများလိုအပ်ပြီး မြန်မာနိုင်ငံ၏ သဘာဝအလှကို နိုင်ငံခြားခရီးသွားများ နှစ်ခြိုက်ကြခြင်းကြောင့် ခရီးသွားကဏ္ဍကို ပြန်လည်ကုစားရေးအတွက် ယခင်ထက် ပိုမိုကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- ဧပြီလ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ ထွက်ခွာသော ခရီးသွား ၆၈၈ ဦးရှိ။
- ဧပြီလ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယူအေအီး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ တရုတ်(ကွမ်ကျိုး)၊ တောင်ကိုရီးယား (အင်ချွန်း) နိုင်ငံတို့မှ နိုင်ငံတကာခရီးသွား ၁,၃၃၆ ဦး ဝင်ရောက်ခဲ့။
- ခရီးသွားများဝင်ရောက်ရာ၌ လေဆိပ်တာဝန်ကျ ကျန်းမာရေးကောင်တာသို့ သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကင်းရှင်းကြောင်း PCR Test ဆေးစစ်ချက်နှင့် ကာကွယ်ဆေးထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်တို့ကို ပြသရန်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများကို လုပ်ဆောင်၍ မိမိတို့ခရီးဆောင်အိတ်များကို ရွေးယူရန်၊ Quarantine တစ်ရက်ဝင်ရမည့် ဟိုတယ်အချက်အလက်များ ရယူရန်၊ စာရင်းပေးသွင်းပြီး အသင့်စီစဉ်ထားရှိသော သယ်ယူပို့ဆောင်ရေးအစီအစဉ်ဖြင့် Quarantine ဝင်ရောက်မည့် ဟိုတယ်သို့ ထွက်ခွာရန် ဝန်ဆောင်မှုပေးထား။
- မြန်မာနိုင်ငံ၏ သဘာဝအလှကို နိုင်ငံခြားခရီးသွားများ နှစ်မြို့က်ကြခြင်းကြောင့် ခရီးသွားကဏ္ဍကို ပြန်လည်ကုစားရေးအတွက် ယခင်ထက် ပိုမိုကြိုးစားလုပ်ဆောင်လျက်ရှိ။

## PDF အကြမ်းဖက်သမားများက စာပေသင်ကြားပြသပေးလျက်ရှိသည့် မူလတန်းကျောင်းအုပ်ဆရာကြီးအား လုပ်ကြံသတ်ဖြတ်

လူငယ်၊ လူရွယ်များ၏ အနာဂတ်ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး/လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများပြုလုပ်လျက်ရှိသည့်အပြင် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ဧပြီလ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကူတော့ပလ္လင်ကျေးရွာနေ အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်း(၅၄)နှစ်သည် ၎င်း၏နေအိမ်တံခါးဝ၌ ရှိနေစဉ် အဆိုပါနေအိမ်ရှေ့သို့ PDF အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ကျောင်းအုပ်ဆရာကြီးတွင် နောက်ကျောကျည်ထိမှန်ဒဏ်ရာ ၃ ချက်၊ ရင်ညွန့်ကျည်ထိမှန်ဒဏ်ရာ ၁ ချက်တို့ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရပါသည်။

NUG အဖွဲ့၏ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်အရ PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်များ၏ ပညာသင်ကြားမှုများကို ဖျက်ဆီးရန် ပညာရေးကဏ္ဍအတွက် အဓိကကျသော အခြေခံအဆောက်အဦများဖြစ်သည့် စာသင်ကျောင်းများနှင့် ပညာရေးအဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ပညာရည်မြင့်မားရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေသည့် အပြစ်မဲ့ပြည်သူများနှင့် ပညာရေးဝန်ထမ်းများအား ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဧပြီလ ၂၀ ရက်အထိ ဆရာ ၁၁ ဦး၊ ဆရာမ ၁၃ ဦးနှင့် ဝန်ထမ်း ၃ ဦးတို့ရက်စက်စွာ အသတ်ခံရပြီး ဆရာ ၉ ဦး၊ ဆရာမ ၁၄ ဦး၊ ဝန်ထမ်း ၅ ဦးတို့ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရပါသည်။

ထိုကဲ့သို့ ပညာရေးဝန်ထမ်းများအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက ကူတော့ပလွှင်ကျေးရွာနေ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ၎င်းတွင် ကျည်ထိမှန်ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့။**
- **အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့် ဧပြီလ ၂၀ ရက်အထိ သေဆုံးသူ ဆရာ ၁၁ ဦး၊ ဆရာမ ၁၃ ဦး၊ ဝန်ထမ်း ၃ ဦး၊ စုစုပေါင်း ၂၇ ဦးနှင့် ဒဏ်ရာရရှိသူ ဆရာ ၉ ဦး၊ ဆရာမ ၁၄ ဦး၊ ဝန်ထမ်း ၅ ဦး၊ စုစုပေါင်း ၂၈ ဦး တို့ရှိပြီဖြစ်။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဧပြီလ ၁၅ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၁၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၁၉ ရက်ထိ စုစုပေါင်း ၂၇၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**

- **ဧပြီလ ၁၅ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၃ ဦး၊ ကရင်ပြည်နယ်၌ ၂ ဦး၊ ဧရာဝတီတိုင်း ဒေသကြီး၌ ၁ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၃ ဦးနှင့် မကွေးတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၁၃ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဧပြီလ ၁၉ ရက်ထိ စုစုပေါင်း ၂၇၆ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်ဟောင်း ဦးဆန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများဖြစ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်ဟောင်း ဦးဆန်းနိုင်တို့အပေါ် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၎င်းအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ-

- ဒေါက်တာမျိုးအောင်နှင့် ဦးဆန်းနိုင်တို့သည် ပုဗ္ဗသီရိမြို့နယ်၊ ဥဏ္ဏဒီပရပ်ကွက်ရှိ မြေကွက် ၉၆ ကွက် ဖော်ထုတ်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ငွေကျပ် သိန်း ၂၅,၈၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။
- ဒေါက်တာမျိုးအောင်နှင့် ဦးဆန်းနိုင်တို့သည် ဒက္ခိဏသီရိမြို့နယ်၊ ထန်းတပင်တောရကျောင်းအနီး မြေကွက် ၃၅ ကွက် ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေကျပ် သိန်း ၃,၉၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။
- ဒေါက်တာမျိုးအောင်နှင့် ဦးရဲမင်းဦးတို့သည် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မိုးသောက်ပန်းလမ်းအတွင်းရှိ မြေ ၀ ဒသမ ၇၅ ဧကကို စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်မည့် ပုဂ္ဂိုလ်တစ်ဦးကို ခွင့်ပြုချထားပေးခဲ့ရာတွင် နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၀၀ ခန့် နစ်နာခဲ့ကြောင်း။
- ဒေါက်တာမျိုးအောင်နှင့် ဦးရဲမင်းဦးတို့သည် နေပြည်တော်မြို့မဈေး အငြိမ်းစားဝန်ထမ်းအိမ်ယာအနီး ပျဉ်းမနား-တောင်ညိုလမ်း၏တောင်ဘက်ရှိ မြေဧက ငါးဧကကျော်ကို Shopping Mall ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် ကုမ္ပဏီတစ်ခုသို့ ရောင်းချပေးရာတွင် နိုင်ငံတော်မှ စုစုပေါင်းငွေ ကျပ်သိန်း ၂၀,၀၀၀ ခန့် နစ်နာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့။

ထိုသို့ စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်(၅)ဟောင်း ဦးဆန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်ကောင်စီနယ်မြေ အမှတ်(၁) မြို့မရဲစခန်းတွင် ဧပြီလ ၁၉ ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၀-၄-၂၀၂၂)**



**နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်**



**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦး**



**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ ကော်မတီဝင်ဟောင်း ဦးဆန်းနိုင်**

- **နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်ဟောင်း ဦးဆန်းနိုင်တို့သည် မြေကွက်ဖော်ထုတ်ခြင်း၊ မြေနေရာငှားပေးခြင်းနှင့် မြေနေရာရောင်းချခြင်းတို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အနေဖြင့် စုစုပေါင်းငွေကျပ် သိန်း ၅၀,၂၀၀ ခန့် နစ်နာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မအရ ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ။**